# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း .... .... .... | ၆၉ |
| ၂ | အခန်း (၁) | |
| | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် .... | ၇၁ |
| ၃ | အခန်း (၂) | |
| | ရည်ရွယ်ချက်နှင့်ဖွဲ့စည်းခြင်း ... | ၇၂ |
| ၄ | အခန်း (၃) | |
| | တာဝန်နှင့်လုပ်ပိုင်ခွင့်များ .... | ၇၄ |
| ၅ | အခန်း (၄) | |
| | အဖွဲ့ဝင်များ၏ရပိုင်ခွင့်များ .... | ၇၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | အခန်း (၅) | |
| | အဖွဲ့ဝင်များ၏ကျင့်ဝတ်နှင့် စည်းကမ်းများ .... | ၈၀ |
| ၇ | အခန်း (၆) | |
| | အထွေထွေ .... .... | ၈၁ |

# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၄။]

## နိဒါန်း

အခြေခံဥပဒေနှင့်အညီ ဆိုရှယ်လစ် ဒီမိုကရေစီယန္တရား ပီပီပြင်ပြင် အကောင်အထည် ပေါ်လာရေးနှင့် ဆိုရှယ်လစ်ကုန်လုပ်ဆက်ဆံရေး ပီပြင်လာစေရေးတို့အတွက်နိုင်ငံတော်၏ဝန်ထမ်းအဖွဲ့အစည်းများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လည်းကောင်း၊ ဝန်ထမ်းများကို စနစ်တကျ ရွေးချယ်လေ့ကျင့်ပေးနိုင်ရန် လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်——

(က) အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကိုဆိုသည်၊

(ခ) ဝန်ထမ်း ဆိုသည်မှာ နိုင်ငံတော်၏ကာကွယ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားရေး၊ ဥပဒေရေး၊ လုပ်ငန်းစစ်ဆေးရေး စသည့် ကိစ္စအဝဝ အတွက် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ထားသောပုဂ္ဂိုလ်ကိုဆိုသည်၊

(ဂ) အခြားအဆင့်ဝန်ထမ်း ဆိုသည်မှာ စီမံခန့်ခွဲရေး အဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းများမှအပ ကျန်အဆင့်ဝန်ထမ်းများကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်နှင့်ဖွဲ့စည်းခြင်း

၃။ အဖွဲ့ကိုအောက်ပါရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းသည်—

(က) အခြေခံ ဥပဒေပါ အနှစ်သာရများနှင့်အညီ ဆိုရှယ်လစ်ဒီမိုကရေစီ ယန္တရားပီပီပြင်ပြင် အကောင်အထည် ပေါ်လာစေရန်၊

(ခ) ဆိုရှယ်လစ်ကုန်လုပ်ဆက်ဆံရေးပီပြင်လာစေရန်၊

(ဂ) နိုင်ငံတော်၏ လုပ်ငန်းအဝဝကို အကျိုးအရှိဆုံး၊ အထိရောက်ဆုံး၊ အကျွမ်းကျင်ဆုံး နည်းများဖြင့် အကောင်အထည်ဖော်စေရန်၊

(ဃ) ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းများတခုနှင့်တခု မထပ်စေရန်၊

(င) ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေးတို့ကို တပြေးညီစွာကျင့်သုံးစေရန်၊

(စ) ဝန်ထမ်းအဖွဲ့အစည်းများစနစ်တကျဖွဲ့စည်းနိုင်ရန်၊

(ဆ) ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများနှင့် မူဝါဒ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော်ကောင်စီအား အထောက်အကူပြုရန်။

၄။ (က) နိုင်ငံတော် ကောင်စီသည် အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့်ဖွဲ့စည်းရမည်၊

(ခ) အဖွဲ့တွင် ပါဝင်ရမည့် အချိန်ပြည့်နှင့် အချိန်ပိုင်းအဖွဲ့ဝင် ဦးရေကို နိုင်ငံတော်ကောင်စီကသတ်မှတ်ရမည်။

၅။ အဖွဲ့အောက်တွင် ဝန်ထမ်းများရွေးချယ်ရေးကိစ္စနှင့်အခြားဝန်ထမ်းရေးရာကိစ္စများဆောင်ရွက်ရန် လိုအပ်သောရုံးကို ဖွဲ့စည်းထားရှိရမည်။

၆။ ဝန်ထမ်းများအား လေ့ကျင့်ပညာပေးရေး အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်ကိုအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားရှိရမည်။

# အခန်း (၃)

## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ အဖွဲ့သည်နိုင်ငံတော်ကောင်စီကိုတာဝန်ခံရမည်။ အဖွဲ့၏ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၈။ အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းများတွင် လိုအပ်သော ဝန်ထမ်းများကိုရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်း၊

(ခ) ဝန်ထမ်းအဖွဲ့အစည်းသစ်များ ဖွဲ့စည်းရေး၊ လက်ရှိဝန်ထမ်းအဖွဲ့အစည်းများအား အခါအားလျော်စွာ သုံးသပ်ရေး၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများနှင့် မူဝါဒ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် နိုင်ငံတော်ကောင်စီအား အထောက်အကူပြုခြင်း၊

(ဂ) ဝန်ထမ်း အဖွဲ့အစည်းများ၏ အကြီးအကဲများကို အခြေခံဥပဒေနှင့် အညီ နိုင်ငံတော်ကောင်စီက ခန့်ထားနိုင်ရန် အထောက်အကူပြုခြင်း၊

(ဃ) ဝန်ထမ်းရေးရာကိစ္စများနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း။

၉။ ဝန်ထမ်းများ ရွေးချယ်ရာတွင် အဖွဲ့သည် အောက်ပါအတိုင်း အဆင့်ဆင့် ခွဲခြားဆောင်ရွက်နိုင်သည်—

(က) လစာနှုန်းထားနှင့် ဝန်ထမ်းအဆင့်အလိုက်ခွဲခြား ဆောင်ရွက်ခြင်း၊

(ခ) ကာယ၊ ဉာဏဝန်ထမ်းအမျိုးအစားအလိုက် ခွဲခြားဆောင်ရွက်ခြင်း၊

(ဂ) ကျွမ်းကျင်မှုနှင့် အတွေ့အကြုံအလိုက် ခွဲခြားဆောင်ရွက်ခြင်း။

၁၀။ အဖွဲ့သည် ဝန်ထမ်းများ ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) စီမံခန့်ခွဲရေး အဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းလောင်းများကိုရွေးချယ်ခြင်း၊

(ခ) မည်သည့် ဝန်ထမ်းအဆင့်သည် စီမံခန့်ခွဲရေး အဆင့်ဖြစ်သည်၊ သို့မဟုတ် ပညာရှင်အဆင့်ဖြစ်သည်ကို သတ်မှတ်ခြင်း၊

(ဂ) ဗဟိုအဆင့်ရှိ ဝန်ထမ်းအဖွဲ့အစည်းများအတွက် အခြားအဆင့်ဝန်ထမ်းများကို သက်ဆိုင်ရာ ဌာနအကြီးအကဲက အဖွဲ့ ဖွဲ့စည်း၍ ရွေးချယ်ရန်လွှဲအပ်ခြင်း၊

(ဃ) ပြည်နယ်၊ သို့မဟုတ် တိုင်းအဆင့်နှင့် မြို့နယ်အဆင့်ရှိ ဝန်ထမ်း အဖွဲ့အစည်းများအတွက် အခြားအဆင့်ဝန်ထမ်းများကို သက်ဆိုင်သည့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ရွေးချယ်ရန်လွှဲအပ်ခြင်း၊

(ဃ) နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ အတွက် လိုအပ်သော ရာထူးအလိုက်ခန့်ထားရမည့် ဝန်ထမ်းများ၊ ယာယီဝန်ထမ်း များနှင့် အခြားအဆင့် ဝန်ထမ်းများကို သက်ဆိုင်ရာ လုပ်ငန်းအလိုက် ရွေးချယ်ရန်လွှဲအပ်ခြင်း၊

(စ) ထူးခြားသည့် အခြေအနေ တရပ်ရပ်ကြောင့် မည်သည့် အဆင့်ဝန်ထမ်းကိုမဆိုခန့်အပ်ရန် လိုအပ်လျှင် နိုင်ငံတော် ကောင်စီသို့တောက်ခံတင်ပြခြင်း။

၁၁။ အဖွဲ့သည် တပ်မတော်ကိစ္စများနှင့် စပ်လျဉ်း၍ တပ်မတော် အဖွဲ့ အစည်းများကဆောင်ရွက်ရန်လွှဲအပ်နိုင်သည်။

၁၂။ အဖွဲ့သည် ဝန်ထမ်းရွေးချယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့ဝင်များဖြင့် အဖွဲ့ငယ်များဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၃။ အဖွဲ့သည် ဝန်ထမ်းများရွေးချယ်ရေးအတွက် စိစစ်ရာတွင် ကျွမ်း ကျင်မှုဆိုင်ရာ အကူအညီလိုအပ်ပါက ဝန်ထမ်းအဖွဲ့အစည်းများထံမှ အကူ အညီတောင်းခံခွင့်ရှိသည်။

၁၄။ အဖွဲ့သည် စီမံခန့်ခွဲရေးအဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းများ အား အဆင့်တိုးမြှင့်ရေးအတွက် ရွေးချယ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) မည်သည့်အဆင့်ဝန်ထမ်းများအား အဖွဲ့ကသာ ရွေးချယ် ခွင့် ရှိကြောင်း အခါအားလျော်စွာသတ်မှတ်ခြင်း၊

(ခ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော အဆင့်မှ အပ ကျန်အဆင့်ရှိ ဝန်ထမ်းများအား အဖွဲ့၏ညွှန်ကြား ချက်များနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်း များက ရွေးချယ်ရန်သတ်မှတ်ခြင်း။

၁၅။ အဖွဲ့သည် ယင်း၏ရုံးကိုအောက်ပါ ဦးတည်ချက်များဖြင့် ဖွဲ့စည်းထားရှိသည် —

(က) ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုစနစ်များကိုခေတ်နှင့် လျော်ညီစွာတိုးတက်နေသော စီမံခန့်ခွဲရေးနည်းပညာဖြင့် သုံးသပ်ရန်၊

(ခ) ဝန်ထမ်းအဆင့် အလိုက် လုပ်ငန်းသဘာဝနှင့် လုပ်ငန်းပမာဏကိုခေတ်နှင့်လျော်ညီစွာ တိုးတက်နေသောစီမံခန့်ခွဲရေးနည်းပညာအရ စိစစ်အကဲဖြတ်ရန်၊

(ဂ) ဝန်ထမ်းရေးရာ ကိစ္စအဝဝကို သုတေသန ပြုလုပ်ရန်၊

(ဃ) စီမံခန့်ခွဲရေးအဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းများ၏ မှတ်တမ်းများကို ပြုစုထိန်းသိမ်းထားရှိရန်၊

(င) ဝန်ထမ်းရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီအား အထောက်အကူပြုရန်၊

(စ) ဝန်ထမ်းရွေးချယ်ရေးအတွက် ခေတ်နှင့် လျော်ညီစွာ တိုးတက်နေသော နည်းပညာများအရ အရည်အချင်း စစ်ဆေးရန်။

၁၆။ အဖွဲ့သည် ဝန်ထမ်းများနှင့် ပတ်သက်သော စာရင်းဇယားများနှင့် လိုအပ်သော အချက်အလက်များကို အဖွဲ့အစည်းများထံမှတောင်းခံခွင့်ရှိသည်။

၁၇။ အဖွဲ့သည် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို အောက်ပါ ဦးတည်ချက်များဖြင့် ဖွဲ့စည်းထားရှိသည် —

(က) စီမံခန့်ခွဲရေးအဆင့်နှင့် ပညာရှင်အဆင့် ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးရန်၊

(ခ) အလယ်အလတ်တန်း စီမံခန့်ခွဲသူများ အတွက် မွမ်းမံ သင်တန်းများပေးရန်၊

(ဂ) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအတွက်လည်းကောင်း၊ အဆင့်မြင့် စီမံခန့်ခွဲ သူများအတွက်လည်းကောင်း စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စ ရပ်များအတွက်ညှိနှိုင်းဆွေးနွေးပွဲများကိုတာဝန်ယူကျင်းပ ပေးရန်၊

(ဃ) ဝန်ထမ်းများအား စီမံခန့်ခွဲရေးဆိုင်ရာ ဘာသာရပ်များ ကို လေ့ကျင့်ပညာပေးရေးနှင့် စပ်လျဉ်း၍ သုတေသန ပြုလုပ်ရန်။

၁၈။ အဖွဲ့သည် အခြားအဆင့်ဝန်ထမ်းများအား ဒေသအလိုက်အခြေ ခံသင်တန်းများ ဖွင့်လှစ်သင်ကြားရန် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့ အစည်းများနှင့်ညှိနှိုင်း၍ လိုအပ်သလို စီစဉ်နိုင်သည်။

၁၉။ အဖွဲ့သည် ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီးက ယင်းတို့၏ ဝန်ထမ်းများအတွက် ဖွင့်လှစ်သင်ကြားသည့်ဌာနဆိုင်ရာ ကျွမ်းကျင်မှု သင် တန်းများနှင့် စပ်လျဉ်း၍ လေ့ကျင့်ရေးမူဝါဒများ သတ်မှတ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းကိုပြုလုပ်ရမည်။

# အခန်း (၄)

## အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များ

၂၀။ အဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီကအခါ အားလျော်စွာ သတ်မှတ်ပေးသည့် ရပိုင်ခွင့်များအတိုင်း ခံစားခွင့်ရှိစေ ရမည်။

# အခန်း (၅)

## အဖွဲ့ဝင်များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ

၂၁။ အဖွဲ့ဝင်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်မှအပ ါ မည်သည့်နိုင်ငံ၏ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်းမပြုရ၊

(ခ) အခြေခံဥပဒေ၊ ဤဥပဒေနှင့် ရှိရင်းစွဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရမည်၊

(ဂ) တာဝန်ထမ်းဆောင်ရာ၌ အဂတိမလိုက်စားပဲ ဖြောင့်မတ် တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(ဃ) မိမိတာဝန်သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံရမည်။

## အခန်း (၆)

## အထွေထွေ

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ နိုင်ငံတော် ကောင်စီသည် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ထုတ်ပြန်နိုင်သည်။

၂၃။ ၁၉၅၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ (ရာထူးဆိုင်ရာစည်းကမ်းချက်များ) နည်းဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။